# KIO နှင့် PSLF တွေ့ဆုံမှု အစည်းအဝေး သတင်း ထုတ်ပြန်ချက်

ရက်စွဲ - ၂၀၂၃ ခုနှစ်၊ မေလ (၂၈) ရက်

ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) ကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၂၃ ခုနှစ်၊ မေလ (၁၆-၁၇) ရက် နေ့တွင် ကချင်ပြည်နယ်၊ မိုင်ဂျာယာန်မြို့၌ တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး အပြန်အလှန်နားလည်မှုရှိစွာဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန် အောက်ပါ အချက်များအပေါ် သဘောတူညီမှုများ ရရှိခဲ့ကြပါသည်။

၁။ အစည်းအဝေးတွင် KIO နှင့် (ယခင်) PSLO တို့ နှစ်ဦးနှစ်ဖက်ကြား သဘောတူညီခဲ့ကြသည့် ထာဝရ မဟာမိတ်စာချုပ်အား KIO နှင့် PSLF တို့မှ ဆက်လက်၍ အသိအမှတ်ပြု၊ ထိန်းသိမ်း အကောင်အထည် ဖော်သွားရန်။

၂။ အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် အတူလက်တွဲ ဆောင်ရွက်သွားကြရန်၊ အမျိုးသားတန်းတူရေး အပေါ်အခြေခံပြီး အပြန်အလှန်လေးစားလျက် ရေးယခင်အတိုင်း ချစ်ကြည်ရင်းနှီးစွာ ယှဉ်တွဲနေထိုင်သွားရန်၊ အငြင်းပွားဖွယ်ရာ သမိုင်းကြောင်းများနှင့် အမုန်းစကားများကို ရှောင်ကြဉ်ကာ ချစ်ခင်ရင်းနှီးမှုတို့ကို အလေးထား ဆောင်ရွက်ရန်၊ မဖျော်လင့်သည့် အခက်အခဲများ ပေါ်ပေါက်လာပါက မှန်ကန်သော ဆုံးဖြတ်ချက်ရရှိရေးအတွက် နှစ်ဖက်တိုင်ပင်ညှိနှိုင်းဖြေရှင်းသွားကြရန်နှင့် ပဋိပက္ခမပေါ်ပေါက်စေရန် အတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်။

၃။ ဒေသခံများ ဖြစ်ကြသည့် ကချင်လူမျိုး၊ တအာင်း(ပလောင်)လူမျိုး၊ ရှမ်းလူမျိုး အပါအဝင် ဒေသတွင်းရှိ ပြည်သူလူထုတို့၏ ဘေးကင်းလုံခြုံရေးကို တာဝန်ခံရန်နှင့် ဝန်ထုတ်ဝန်ပိုး ဖြစ်စေသော လုပ်ရပ်များကို ရှောင်ရှားကြရန်။

၄။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းကိစ္စရပ်များအား အပြန်အလှန် သတင်းဖလှယ်ရန်နှင့် လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အသိအမှတ်ပြု အားပေးကြရန်။

၅။ အခြားလိုအပ်သည့် ကိစ္စရပ်များကိုလည်း နှစ်ဖက်အဖွဲ့အစည်းမှ လိုအပ်သလိုဆက်လက်ညှိနှိုင်း၍ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

| | |
|---|---|
| ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ | ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး |
| (KIO) | (PSLF) |